**၂၈။ ကိစ္စမရှိပါဘူး**

အမူးသမားနှစ်ယောက်သည် ဒယီးဒယိုင်နှင့် ရထားသံလမ်း အတိုင်း လမ်းလျှောက်ပြန်လာကြ၏။

တစ်ယောက်က ဇလီဖားတုံးတွေပေါ် နင်းရင်း-

“ငါ တစ်သက် ဒီလောက်များတဲ့ လှေကားထစ် တွေ မတွေ့ဖူးပါဘူးကွာ”

ထိုအခါ ကျန်တစ်ယောက်က သံလမ်းကို ကြည့်ပြီး

“လှေကားထစ်များတာက သိပ်ကိစ္စမရှိပါဘူးကွာ၊ လက်ရန်းက နိမ့်လွန်းလှတယ်”